( ၁ )

# “ နှစ်ဦးသဘောတူအရစ်ကျပေးချေခြင်းစနစ်ဖြင့် Motor Cycle ရောင်းချခြင်းကတိစာချုပ် ”

## Brand New UMG Motor Damon (Green) (1) Unit
## (SO No. BMC-BSO-UNT-2023-10-0010)
## Contract No. WL/HS-818/2023

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့တွင် ရွှေကျင်မြို့၌အောက်အမည်ပါသူတို့က Brand New UMG Motor Damon (1)Unit – အရစ်ကျပေးချေခြင်းအကြွေးစနစ်ဖြင့် Motor Cycle ရောင်းချခြင်းကတိစာချုပ် ကို ပြုလုပ်ချုပ်ဆို ကြသည်မှာ–

Motor Cycle အရစ်ကျပေးချေ ။ ။ ဦးကျော်ကိုကိုထက် (ဘ) ဦးသန်းဇော်
ရောင်းချသူ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၈/မကန(နိုင်)၂၆၆၅၁၂
(for and on behalf of UMG Motor Co., Ltd.)
အမှတ်(၂၁၉)၊ကျန်စစ်သားလမ်း၊ပန်းပဲတန်းရပ်ကွက်၊ရွှေကျင်မြို့၊ ပဲခူးတိုင်း။

Motor Cycle အရစ်ကျပေးချေ ။ ။ ဦးဝင်းနိုင် (ဘ) ဦးလှမြင့်
ဝယ်ယူသူ နိုင်ငံသားစိစစ်ရေးကဒ်ပြးအမှတ် — ၇/ကဝန(နိုင်)၀၀၁၀၀၇
လိပ်စာ– အုန်းနဲ့ကျေးရွာ၊ ပဲခူးမြို့။
ဖုန်း–၀၉– ၄၂၈၁၉၂၁၀၇။

(Motor Cycle အရစ်ကျပေးချေစနစ်ဖြင့် ရောင်းချသူနှင့် Motor Cycle အရစ်ကျပေးချေ ဝယ်ယူသူဟူသော စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၄င်းတို့ကိုယ်တိုင် အသီးသီးတို့အပြင် ၄င်းတို့၏ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

၁။ အရစ်ကျစနစ်ဖြင့်ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် Brand New UMG Motor Damon (1)Unit အတွက် တန်ဖိုးငွေကျပ်–၃,၈၀၀,၀၀၀/–(မြန်မာကျပ်ငွေ–သုံးဆယ့်ရှစ်သိန်း ကျပ်တိတိ) (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်ဈေးနှုန်း) Landed Yangon နှုန်းဖြင့် ရောင်းချရန် အတွက် အဆိုပြု ကမ်းလှမ်းလာသည်ကို အဆိုပါတန်ဖိုးဖြင့်ပင် ဝယ်ယူရန် Motor Cycle ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ချုပ်ဆို၍ Motor Cycle အရစ်ကျပေးချေသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီး ဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

၂။ ရောင်းချသူကမိမိရောင်းချသော Brand New UMG Motor Damon (1)Unit သည် အသစ်ဖြစ်ကြောင်း အာမခံပါသည်။

၃။ အရစ်ကျစနစ်ဖြင့်ရောင်းချခဲ့သော Motor Cycle ကို ပစ္စည်းလွှဲပြောင်း လက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်း ပစ္စည်းလွှဲပြောင်းလက်ခံရယူရမည်။ စာချုပ်ချုပ်ဆိုသည့်နေ့မှ(၂)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူခြင်းမရှိပါက အခြားဝယ်ယူမည့်သူများသို့ မှာယူထားသည့် Motor Cycle ကို လွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ် ပစ္စည်း လက်ခံရရှိသည့်အခါမှသာ Motor Cycle ကို ရရှိနိုင်မည်ဖြစ်ကြောင်း အရစ်ကျပေးချေဝယ်ယူသူမှ သဘောတူညီပါသည်။

၄။ အရစ်ကျပေးချေဝယ်ယူသူသည် အရစ်ကျစနစ်ဖြင့်ရောင်းချသူက သတ်မှတ်ထားသော အရစ်ကျငွေပေးချေပြီးမှ သာလျှင် ယင်း Motor Cycle ၏ ပိုင်ဆိုင်မှု (Title of Ownership) သည် အရစ်ကျပေးချေဝယ်ယူသူ၏လက်ဝယ်သို့ ရောက်ရှိသည်ဟု နားလည်သဘောပေါက်ပါသည်။ အကယ်၍သတ်မှတ်အရစ်ကျငွေများကို ပေးချေရန်ပျက်ကွက်၍ စာချုပ်ပျက်ပြယ်ပါက ပေးပြီးသောတင်သွင်းငွေ နှင့် အရစ်ကျငွေများသည် ငှားရမ်းခဟုသတ်မှတ်ခြင်းကို သဘော တူညီလျက် အရစ်ကျပေးချေခြင်း အကြွေးစနစ်အရ ဝယ်ယူထားသော Motor Cycle ကို အချိန်အခါမရွေး ပြန်လည်သိမ်းယူခြင်းခံရမည်ကို သဘောတူလက်ခံပါသည်။

စာမျက်နှာ(၂)သို့

၅။ <u>အရစ်ကျပေးချေစနစ်ဖြင့် ရောင်းချသူ၏ တာဝန်နှင့်အခွင့်အရေးများ</u>

(က) မိမိရောင်းချသော Motor Cycle အား သတ်မှတ်ထားသောစည်းကမ်းနှင့်အညီ စိတ်အေးချမ်းသာစွာ အသုံးချနိုင်အောင် လိုအပ်သည်များကိုဆောင်ရွက်လျက် ရောင်းချသည့်သတ်မှတ်ရက်တွင် လက်ရောက် ပေးအပ်ရပါမည်။

(ခ) အရစ်ကျပေးချေဝယ်ယူသူက နောက်ဆက်တွဲ "က" ပါ စည်းကမ်းများကိုဖောက်ဖျက်၍ အရစ်ကျပေးရန် ပျက်ကွက်ခြင်းရှိခဲ့လျှင် အရစ်ကျပေးရန် <u>ပျက်ကွက်သည့်နှင့်တစ်ပြိုင်နက်</u> အရစ်ကျစနစ်ဖြင့် ရောင်းချသူက အငှားရောင်းချစာချုပ်ကို ဖျက်သိမ်းယူခွင့်နှင့်အတူ Motor Cycle အား ပြန်လည်သိမ်းယူမည်ဖြစ်ပါသည်။

(ဂ) အရစ်ကျပေးချေဝယ်ယူသူထံမှ အရစ်ကျပေးငွေအားလုံးကို လက်ခံရရှိပြီးပါက အရောင်းအဝယ် အပြီးအပိုင်စာချုပ်ကို ထပ်မံချုပ်ဆိုပေးပါမည်။

(ဃ) အရစ်ကျပေးချေစနစ်ဖြင့်ရောင်းချသူမှ ရောင်းချသည့် Motor Cycle သည် ၎င်းတစ်ဦးတည်းပိုင်ဖြစ်၍ မည်သည့်အရှုပ်အရှင်း ကြွေးမြီမျှမရှိကြောင်း ဝန်ခံကတိပြုပါသည်။

၆။ အရစ်ကျပေးချေ<u>ဝယ်ယူသူ၏ တာဝန်နှင့်အခွင့်အရေးများ</u>

(က) အရစ်ကျပေးချေဝယ်ယူသူသည် မိမိဝယ်ယူသည့် Motor Cycle ကို လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလက်ခံရမည်။

(ခ) သဘာဝမီးသင့်လောင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် အခြားမလွန်ဆန်နိုင်သော သဘာဝဘေးအန္တရာယ်အကြောင်းများကြောင့် Motor Cycle ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လာခဲ့ပါက အရစ်ကျ ပေးချေစနစ်ဖြင့်ဝယ်ယူသွားခဲ့သည့် Motor Cycle ၏ ထိုက်သင့်သောတန်ဖိုးကို နှစ်ဖက်ဆွေးနွေး ညှိနှိုင်း၍ ဝယ်ယူသူမှ ပြန်လည်ပေးလျော်ရမည်ဖြစ်ကြောင်း သိရှိသဘောတူပါသည်။

(ဂ) ဝယ်ယူသူအနေဖြင့် မိမိစိတ်တိုင်းကျကြည့်ရှုစစ်ဆေးပြီးမှ ဝယ်ယူသည့်အတွက် စရံငွေကို ပြန်လည် တောင်းခံခြင်းမပြုသကဲ့သို့ ပေးသွင်းရမည့်အရစ်ကျငွေအားလုံးကို သတ်မှတ်ထားသည့်ကာလအတွင်း မှန်မှန် ပေးချေရန်တာဝန်ရှိကြောင်း သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

(ဃ) အရစ်ကျပေးချေရမည့်သတ်မှတ်အရစ်ကျငွေများကို သတ်မှတ်အရစ်တွင်ပေးချေရန် သတ်မှတ်ရက်ထက် (၃)ရက်သာ ကျော်လွန်ခွင့်ပြုမည်ကို သိရှိသဘောတူပြီး (၃)ရက်ကျော်လွန် ပျက်ကွက်ပါက ပေးချေရန်ကျန်ငွေအပေါ်တွင် (၅%) ကို ရက်လွန်ကြေးအဖြစ်ပေးချေရန် ဝန်ခံကတိပြုပါသည်။

(င) ထို့ပြင် ကျန်ငွေများပေးချေရန်ပျက်ကွက်မှုသည် (၁)လ ရက်ပေါင်း(၃၀) ကျော်လွန်ပါက စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်အရ အရစ်ကျပေးချေခြင်းစနစ်ဖြင့် ဝယ်ယူလက်ခံခဲ့သော Motor Cycle အနက် ကျန်ရှိသည့် Motor Cycle အား အရစ်ကျပေးချေစနစ်ဖြင့် ရောင်းချသူသို့ ပြန်လည် အပ်နှံပါမည်ဟု ဝန်ခံကတိပြုပါသည်။ အပ်နှံရာတွင် စတင်ဝယ်ယူစဉ်က ယာဉ်အနေအထားအတိုင်း ပြန်လည်အပ်နှံရန် ကတိပြုပါသည်။

(စ) အရစ်ကျပေးချေခြင်းအကြွေးစနစ်အရရောင်းချခဲ့သော Motor Cycle ကို အရစ်ကျပေးချေ ဝယ်ယူသူသည် မိမိဆိုင်ပေါ်တင်၍ ပြန်လည်ရောင်းချရန် အရစ်ကျပေးချေခြင်း အကြွေးစနစ်ဖြင့် ဝယ်ယူသွားခြင်းဖြစ်ပြီး အကယ်၍ ဝယ်ယူသွားခဲ့သော Motor Cycle အတွက် ကျန်ငွေများကို သတ်မှတ်အရစ်အလိုက် ပေးချေရန်ပျက်ကွက်ခဲ့သော်လည်းကောင်း၊ သတ်မှတ်ကာလကုန်ဆုံး၍ အပြေအကြေပေးချေရန် ပျက်ကွက်ခဲ့သော်လည်းကောင်း၊ Motor Cycle အား ပြန်လည်သိမ်းယူရပါက မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သူ့ထံတွင်ဖြစ်စေ အရစ်ကျပေးချေခြင်းစနစ်ဖြင့် ရောင်းချသူက စာချုပ်ပါ စည်းကမ်းချက်နှင့်အညီ ပြန်လည်သိမ်းယူရာတွင် အရစ်ကျပေးချေဝယ်ယူသူက တာဝန်ယူ သိမ်းဆည်းပေးမည်ဖြစ်ကြောင်း ဝန်ခံပါသည်။

စာမျက်နှာ(၃)သို့

၇။ အရစ်ကျပေးချေရန် သတ်မှတ်အရစ်ကျရက်ကျော်လွန်၍ ရောင်းချခဲ့သော Motor Cycle ကိုသိမ်းဆည်းရာတွင် ဟန့်တား၊ နှောင့်ယှက်၊ ပိတ်ပင်တားဆီးသူ မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရစ်ကျပေးချေရန် ရောင်းချသူမှ တရားစွဲဆိုခွင့်ရှိကြောင်းလည်း နှစ်ဖက်သိရှိသဘောတူကြပါသည်။

၈။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက UMG Motors Co., Ltd. ၏ အထွေထွေမန်နေဂျာ (General Manager) နှင့် Motor Cycle အရစ်ကျပေးချေဝယ်ယူသူကိုယ်တိုင် (သို့) ဝယ်ယူသူဘက်မှ တာဝန်ယူဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့ နှစ်ဖက်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို အရစ်ကျပေးချေစနစ်ဖြင့် ရောင်းချသူနှင့် အရစ်ကျပေးချေဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်၏ ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာအသုံးပြုခြင်းစသည်တို့လုံးဝကင်းရှင်းလျှက် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| Motor Cycle အရစ်ကျပေးချေရောင်းချသူ | Motor Cycle အရစ်ကျပေးချေဝယ်ယူသူ |
| --- | --- |
| ဦးကျော်ကိုကိုထက် (၈/မကန(နိုင်)၂၆၆၅၁၂)<br>(for and on behalf of UMG Motors Co., Ltd.) | ဦးဝင်းနိုင် (၇/ကဝန(နိုင်)၀၀၁၀၀၇) |

အသိသက်သေများ

| | |
| --- | --- |
| လက်မှတ် – | လက်မှတ် – ---------------------- |
| အမည် – ဝေလွင်ထွန်း | အမည် – ---------------------- |
| နသအမှတ် – ၉/ဇယသ(နိုင်)၀၀၂၈၇၀ | နသအမှတ် – ---------------------- |
| နေရပ် – အမှတ်(၂၁၉)၊ကျန်စစ်သားလမ်း၊ | နေရပ် – ---------------------- |
| – ပန်းပဲတန်းရပ်ကွက်၊ ရွှေကျင်မြို့။ | – ---------------------- |

လက်မှတ် –
အမည် – မအေးအေးမွန်
နသအမှတ် – ၇/ညလပ(နိုင်)၁၆၆၈၇၂
နေရပ် – အမှတ်(၂၁၉)၊ကျန်စစ်သားလမ်း၊
ပန်းပဲတန်းရပ်ကွက်၊ ရွှေကျင်မြို့။

စာမျက်နှာ(၄)သို့

နောက်ဆက်တွဲ "က"

## အရစ်ကျပေးချေခြင်းစနစ်ဖြင့် အကြွေးရောင်းချခြင်းနှင့်စပ်လျဉ်းသည့်ငွေပေးချေခြင်းအသေးစိတ်

၁။ ရောင်းချသည့် Motor Cycle အမျိုးအမည်– Brand New UMG Motor Damon (Green) (1) Unit

၂။ သတ်မှတ်အငှားရောင်းဈေး –(1)Unit ကို တန်ဖိုးငွေကျပ်–၃,၈၀၀,၀၀၀/– (မြန်မာငွေကျပ်– သုံးဆယ့်ရှစ်သိန်းကျပ်တိတိ) Landed Yangon ဖြစ်ပါသည်။

၃။ ငွေပေးချေခြင်းစနစ်

Motor Cycle –(1) Unit အတွက် ပထမအရစ်ကျငွေအဖြစ် တန်ဖိုးငွေကျပ်– ၁,၉၀၀,၀၀၀/– (မြန်မာကျပ်– တစ်ဆယ့်ကိုးသိန်းကျပ်တိတိ) ကို (၂၆–၁၀–၂၀၂၃)ရက်နေ့တွင် (RV No. NLP/RV/2023/10/0046) ဖြင့် ရောင်းချသူ၏ ရွှေကျင်ရုံးသို့ပေးချေရာ လက်ခံရရှိပြီး ဖြစ်ပါသည်။

ကျန်ငွေပေးချေခြင်းစနစ်

Motor Cycle (1)Unit အတွက် စုစုပေါင်းကျန်ရှိငွေကျပ်– ၁,၉၀၀,၀၀၀/–(မြန်မာကျပ်– တစ်ဆယ့်ကိုးသိန်းကျပ်တိတိ) ကို အောက်ပါအတိုင်းအပြေအကြေပေးချေရန် သဘောတူညီ ကြပါသည်။

| စဉ် | အရစ်ကျပေးချေစနစ် | ပမာဏ | ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|
| ၁ | 1st Payment | ကျပ် – ၆၅၀,၀၀၀/– | (၂၆–၁၁–၂၀၂၃) | |
| ၂ | 2nd Payment | ကျပ် – ၆၅၀,၀၀၀/– | (၂၆–၁၂–၂၀၂၃) | |
| ၃ | 3rd Payment | ကျပ် – ၆၀၀,၀၀၀/– | (၂၆–၀၁–၂၀၂၄) | |
| | **စုစုပေါင်းတန်ဖိုး** | ကျပ် — ၁,၉၀၀,၀၀၀/– | | |

၄။ အရစ်ကျပေးချေဝယ်ယူသူမှ ငွေပေးချေမှုများကို သတ်မှတ်ထားသည့်အရောင်းကာလ စုစုပေါင်း(၃)လအတွင်း (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ)နောက်ဆုံးထား၍ ကျန်ငွေများကိုမပျက်မကွက်မှန်မှန် အပြီးအပြတ်အပြေအကြေ ပေးချေရန် သဘောတူညီကြပါသည်။

၅။ Motor Cycle လွှဲပြောင်းချိန် ။ ။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ။

၆။ Motor Cycle လွှဲပြောင်းချိန်တွင် Motor Cycle နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို Motor Cycle အရစ်ကျပေးချေရောင်းချသူမှ Motor Cycle အရစ်ကျပေးချေဝယ်ယူသူသို့ စက်နှင့်အတူတစ်ပါတည်း လွှဲပြောင်းပေးအပ်ရာ လက်ခံရရှိကြောင်း ဝန်ခံကတိပြုပါသည်။

စာမျက်နှာ (၅)သို့

၇။ အရစ်ကျပေးသွင်းရာတွင် သတ်မှတ်သည့်သဘောတူညီချက်များ –

(က) အရစ်ကျငွေကို သတ်မှတ်ရက်တွင် တိကျစွာပေးချေရန် သဘောတူညီပါသည်။

(ခ) အရစ်ကျပေးရန်ပျက်ကွက်ပါကပေးပြီးအရစ်ကျငွေများသည်ငှားရမ်းခပင်ဖြစ်သည်ကိုနားလည်ပါသည်။

(ဂ) အရစ်ကြေးပေးရန်ပျက်ကွက်ခြင်းကြောင့် အရစ်ပေးချေရန် ကတိပျက်ကွက်သဖြင့် အရစ်ကျပေးချေခြင်းစနစ်ဖြင့် Motor Cycle ကို အရစ်ကျပေးချေရောင်းချသူက ပြန်လည်သိမ်းယူမည်ကို ကောင်းစွာသိရှိနားလည်ပြီး သဘောတူလက်ခံပါသည်။

Motor Cycle အရစ်ကျပေးချေရောင်းချသူ

Motor Cycle အရစ်ကျပေးချေဝယ်ယူသူ

ဦးကျော်ကိုကိုထက် (၈/မကန(နိုင်)၂၆၆၅၁၂)
(for and on behalf of UMG Motors Co., Ltd.)

ဦးဝင်းနိုင် (၇/ကဝန(နိုင်)၀၀၁၀၀၇)

အသိသက်သေများ

လက်မှတ် –
အမည် – ဝေလွင်ထွန်း
နငသအမှတ် – ၉/ဇယသ(နိုင်)၀၀၂၈၇၀
နေရပ် – အမှတ်(၂၁၉)၊ကျန်စစ်သားလမ်း၊
– ပန်းပဲတန်းရပ်ကွက်၊ ရွှေကျင်မြို့။

လက်မှတ် – ----------------------
အမည် – ----------------------
နငသအမှတ် – ----------------------
နေရပ် – ----------------------
– ----------------------

လက်မှတ် –
အမည် – မအေးအေးမွန်
နငသအမှတ် – ၇/ညလပ(နိုင်)၁၆၆၈၇၂
နေရပ် – အမှတ်(၂၁၉)၊ကျန်စစ်သားလမ်း၊
ပန်းပဲတန်းရပ်ကွက်၊ ရွှေကျင်မြို့။

## " ကိုယ်တိုင်ကတိပြုဝန်ခံချက် "

ကျွန်တော် ဦးဝင်းနိုင်၊ နိုင်ငံသားစိစစ်ရေးအမှတ်– ၇/ကဝန(နိုင်)၀၀၁၀၀၇၊ ရွှေကျင်မြို့တွင် နေထိုင်သူက အောက်ပါအသိသက်သေများရှေ့မှောက်၌ ဤဝန်ခံချက်ကို လက်မှတ်ရေးထိုး ဝန်ခံချုပ်ဆိုပါသည်။

(ကျွန်တော် ဦးဝင်းနိုင် ဟုဆိုရာ၌ ကျွန်တော် တို့အပြင် ဇနီး/ခင်ပွန်း သား/သမီးများ၊ အမွေစား/အမွေခံများ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

၁။ အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသောပစ္စည်းသည် ရန်ကုန်မြို့၊ UMG Motors Co., Ltd. ပိုင်ငွေဖြင့်ဝယ်ယူ၍ ကျွန်တော် အားအငှားအဝယ် (Hire Purchase) စနစ်ဖြင့် ယုံကြည်အပ်နှံ အသုံးပြုခွင့်ပေးခြင်းသာဖြစ်ကြောင်း ဝန်ခံပါသည်။

၂။ အဆိုပါပစ္စည်းအတွက် ကုမ္ပဏီက သတ်မှတ်ထားသည့် အရစ်ကျတန်ဖိုးငွေများ အပြေအကြေမပေးချေရသေးမီကာလတစ်လျှောက်တွင် ပစ္စည်း၏ပိုင်ရှင်မှာ UMG Motors Co., Ltd. သာဖြစ်ကြောင်း သိရှိပါသည်။

၃။ (၁)လနှင့်အထက် ငွေပေးချေရန် ပျက်ကွက်ခဲ့ပါက ဝယ်ယူသူမှ UMG Motors Co., Ltd. သို့ ငှားရမ်းဝယ်ယူထားသော Brand New UMG Motor Damon (Green) (1)Unit တည်ရှိရာနေရာ (သို့မဟုတ်) တည်ရှိသည်ဟု သံသယ တည်ရှိရာ နေရာများသို့ သွားရောက်၍ UMG Motors Co., Ltd. မှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ၏ အစီအမံဖြင့် ပြန်လည် သိမ်းယူရာတွင် သာယာအေးချမ်းစွာဖြင့် အဆိုပါ Brand New UMG Motor Damon (Green) (1)Unit ကို လက်ရောက် အပ်နှံပါမည်ဟု အငှားဝယ်ယူသူဝန်ခံကတိပြုပါသည်။ ထိုသို့ Brand New UMG Motor Damon (Green) (1)Unit ကို ပြန်လည်သိမ်းယူရာတွင် ကုန်ကျစရိတ် ကျသင့်သောတန်ဖိုးငွေကို အငှားဝယ်ယူသူဘက်မှ ကျခံရမည်ကို သိရှိသဘောတူ ပါသည်။ ထိုကဲ့သို့ Brand New UMG Motor Damon (1)Unit ပြန်လည်သိမ်းယူသည့်အချိန်၌ အသုံးပြုသုံးစွဲထားသော ကီလိုကုန်ကျစရိတ် တန်ဖိုးသည် ပေးသွင်း ထားပြီးသော အရစ်ကျငွေကြေးထက် ပိုမိုနေပါက အဆိုပါ တန်ဖိုးငွေကို ထပ်မံပေးသွင်းရမည်ကို သိရှိပါသည်။

၄။ အကယ်၍ ကျွန်တော် သည် ကုမ္ပဏီသို့ ပေးဆပ်ရမည့် အရစ်ကျငွေများကို လစဉ်မှန်ကန်စွာ ပေးသွင်းရန် ပျက်ကွက်ပါက UMG Motors Co., Ltd. အနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စသည်တို့အား တိုင်ကြား၍သော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်သော်လည်းကောင်း၊ အချိန်မရွေး၊ နေရာမရွေး ကုမ္ပဏီပိုင်ပစ္စည်းကို လက်ဝယ်ထားရှိသူ၊ မည်သူ့ထံမှမဆို ပြန်လည်သိမ်းယူခွင့်ရှိကြောင်း ဝန်ခံပါသည်။

၅။ ပစ္စည်းတန်ဖိုးပေးသွင်းငွေများ အပြေအကြေပေးဆပ်နိုင်ခြင်းမရှိဘဲ ယင်းကုမ္ပဏီပိုင်ပစ္စည်းအား တစ်နည်းနည်းဖြင့် လွှဲပြောင်း/ရောင်းချ/ပေါင်နှံ/ပေးကမ်းခြင်းပြုမိပါက ယုံကြည်အပ်နှံမှု ဖောက်ဖျက်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေအရ ၎င်းကုမ္ပဏီမှ အရေးယူခြင်းကို ခံယူပါမည်ဟု ဝန်ခံကတိပြုပါသည်။

၆။ အဆိုပါပစ္စည်းအား အငှားဝယ်စနစ်ဖြင့် အသုံးပြုလျက်ရှိနေစဉ် ကာလတစ်လျှောက် ကျသင့်သောအခွန်အခ၊ ပျက်စီး၍ ပြင်ဆင်ကုန်ကျစရိတ် စသည်တို့ကို မိမိတွင်သာတာဝန်ရှိကြောင်း သိရှိပါသည်။

၇။ အဆိုပါပစ္စည်းအား အငှားဝယ်စနစ်ဖြင့် အသုံးပြုနေစဉ်ကာလအတွင်း တည်ဆဲဥပဒေနှင့် မလွတ်ကင်းသော ပြုလုပ်မှုတစ်ရပ်ကိုပြုလုပ်မိပါက မိမိတွင်သာတာဝန်ရှိသည့်အတွက် အဆိုပါကိစ္စအား ပြီးဆုံးပြေလည်သည်အထိ တာဝန်ယူဖြေရှင်းပေးပါမည်ဟု ဝန်ခံပါသည်။

၈။ အကယ်၍ အငှားဝယ်ယူသူမှ အရစ်ကျငွေပေးချေရန် ပျက်ကွက်ပါက အထက်ပါ အရောင်းအဝယ်ကိစ္စများကို အာမခံကတိပြုလက်မှတ်ရေးထိုးထားသူ ဒေါ်စန်းစန်းဝင်း မှ အလုံးစုံတာဝန်ယူပေးရမည်ဖြစ်ကြောင်းကို သိရှိသဘောတူ ပါသည်။

စာမျက်နှာ(၂)သို့

( ၂ )

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ ဝန်ခံချက်များကို အငှားရောင်းချသူနှင့် အငှားဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည်ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိ ကောင်းစွာနားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာအသုံး ပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျက် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| | |
|---|---|
| ဒေါ်စန်းစန်းဝင်း | ဦးဝင်းနိုင် |
| ၇/ကဝန(နိုင်)၀၁၇၂၇၄ | ၇/ကဝန(နိုင်)၀၀၁၀၀၇ |
| (အာမခံသူ) | (ဝန်ခံကတိပြုသူ) |

အသိသက်သေများ

| | |
|---|---|
| လက်မှတ် – | လက်မှတ် – ---------------------- |
| အမည် – ဝေလွင်ထွန်း | အမည် – ----------------------- |
| နိုင်ငံသားအမှတ် – ၉/ဇယသ(နိုင်)၀၀၂၈၇၀ | နိုင်ငံသားအမှတ် – ----------------------- |
| နေရပ် – အမှတ် (၃၃)၊ (၈)လမ်း၊ မြို့မရပ်၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်း။ | နေရပ် – ----------------------- <br> – ----------------------- |